MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.
MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

# အစုရှယ်ယာရှင်များအား အသိပေးခြင်း

၁။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) ၏ ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကို Online အသုံးပြု၍ ၂၃-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့)၊ မွန်းလွဲ (၂း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဒါရိုက်တာအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ၂၈-၁၁-၂၀၂၅ ရက်(သောကြာနေ့) တွင် https://www.magdpl.com ၌ တင်ပေးထားမည် ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များ၏ အကြံပြုချက်/မေးမြန်းချက်များကို ၁၂-၁၂-၂၀၂၅ ရက် (သောကြာနေ့) ညနေ (၅း၀၀) နာရီ နောက်ဆုံးထား၍ ဒါရိုက်တာအဖွဲ့ထံသို့ လိပ်မူပြီး https://www.magdpl.com သို့ ပေးပို့နိုင်ပါသည်။

၄။ အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့် ဒါရိုက်တာအဖွဲ့ဝင်သစ်များကို ရွေးချယ်နိုင်ရန် Online Register ပြုလုပ်ရမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို ၁၂-၁၂-၂၀၂၅ ရက် (သောကြာနေ့) ညနေ (၅း၀၀) နာရီ အချိန်ထက် နောက်မကျဘဲ MAGDPL ၏ Website ဖြစ်သော https://www.magdpl.com တွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါသည်။

၅။ Online Registration ပြုလုပ်ရန်အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MADPL ၏ Viber ဖုန်းနံပါတ်အမှတ် ၀၉-၄၂၁၁၆၂၃၃၁ သို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက်ဓာတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်၊ Online Voting Link နှင့် Zoom Webinar Link လက်ခံမည့် မိုဘိုင်းဖုန်းနံပါတ်တစ်ခုတည်းဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင်ပေးပို့၍ စာရင်းပေးသွင်းဆောင်ရွက်နိုင်ပါသည်။

၆။ မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) ၏ ဒွါဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကို အွန်လိုင်းအသုံးပြု၍ ၂၃-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့)၊ မွန်းလွဲ (၂း၀၀) နာရီအချိန်တွင် ကျင်းပပြု လုပ်မည်ဖြစ်ပါသည်။ အစည်းအဝေးကျင်းပသည့်နေ့တွင် ဒါရိုက်တာအဖွဲ့ဝင်ရွေးချယ်ခြင်းကို ပြုလုပ်သွားမည် ဖြစ်ပါသည်။

၇။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူသည် အစုရှယ်ယာအရေအတွက် (၁၀,၀၀၀) (အစုရှယ်ယာတန်ဖိုးသိန်းတစ်ရာ) နှင့်အထက် ပိုင်ဆိုင်သူဖြစ်ရန် လိုအပ်ပြီး MAGDPL Website ဖြစ်သော https://www.magdpl.com သို့ ဝင်ရောက်၍ သတ်မှတ်ထားသည့် Form ပုံစံများ Download ပြုလုပ်ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူများအနေဖြင့် ၁၂-၁၂-၂၀၂၅ (သောကြာနေ့) ညနေ (၅း၀၀) နာရီထက် နောက်မကျဘဲ MAGDPL ၏ Email ဖြစ်သည့် info@magdpl.com သို့ ပေးပို့ပေးရပါမည်။ သတ်မှတ်အချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

**ဒါရိုက်တာအဖွဲ့**
**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်**